# ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ၊ ရန်ကုန်မြို့

## ၁၉၆၃ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေကိုရုပ်သိမ်းသည့်ဥပဒေ။

**[၁၉၆၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥပဒေအမှတ် ၂၆။]**

**၁၃၂၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်။**

**(၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)**

အောက်ဖော်ပြပါဥပဒေကိုထုတ်ပြန်ကျေညာသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီဥက္ကဋ္ဌသည်၊ အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ။ (၁) ဤဥပဒေကို၊ **၁၉၆၃ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှုအမြတ်အစွန်းခွန်အက်ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေ**ဟုခေါ်တွင်စေရမည်။

(၂) ဤဥပဒေသည်၊ ၁၉၆၃ ခုနှစ်၊ အောက်တိုဘာလ ၁ ရက်နေ့တွင် စတင်အာဏာတည်စေရမည်။

၂။ ။ (၁) ၁၉၄၈ ခုနှစ်၊ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေကို၊ ဤဥပဒေဖြင့်ရုပ်သိမ်း လိုက်သည်။

(၂) အဆိုပါ ရောင်းဝယ်လုပ်ကိုင်မှု အမြတ်အစွန်းခွန်အက်ဥပဒေကို ရုပ်သိမ်းသည့်အခါ၊ မြန်မာနိုင်ငံယေဘုယျစကားရပ်အက်ဥပဒေပုဒ်မ ၅ ပါပြဋ္ဌာန်းချက်များ အကျိုးသက်ရောက်စေရမည်။

ဗိုလ်နေဝင်း၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးကောင်စီ။

ရန်ကုန်မြို့၊ ၁၃၂၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၂ ရက်။
(၁၉၆၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်။)

အမိန့်အရ၊
ဒု-ဗိုလ်မှူးကြီး ကိုကို၊
အတွင်းဝန်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တော်လှန်ရေးအစိုးရအဖွဲ့။

Myanmar Law Information System (MLIS)